# ဒီနေ့အတွက် သိကောင်းစရာ (၁၇)

(၂၀၂၀) ပြည့်နှစ်၊ ဇွန်လ (၇) ရက်

## လူငယ်များနှင့် စိတ်ကြွမူးယစ်ဆေးများအန္တရာယ်

- ယာဘ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမူးယစ်ဆေးပြားများသည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နံ့တို့ကဲ့သို့ **လူငယ်များကိုဆွဲဆောင်နိုင်မည့်** ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
- ဒီဆေးတွေက ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား **သဘာဝကိုဆန့်ကျင်၍** များပြားစေကာ စိတ်ခံစားမှုကို တက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ခံစားမှုတက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာရပြီး **ရေရှည်မှာဦးနှောက်နှင့်ဗဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။**
- ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ခံစားမှုကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။
- ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ **သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။**
- ဒါ့အပြင် **ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊** တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် **အကျဉ်းထောင်ကျ၍ပြစ်ဒါဏ်ခံရခြင်း**တို့ကို ဖြစ်ပွားစေပါတယ်။

**လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်စူးစမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမူးယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ။**





စိတ်ကြွမူးယစ်ဆေးများ